၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၂)ရက်မှ (၃၁)ရက်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ



စဉ်	ပြည်နယ်နှင့် တိုင်းဒေသကြီး	ကျူးလွန်သည့် အကြိမ်ရေ	မှတ်ချက်
၁	စစ်ကိုင်း	၁၃	
၂	မကွေး	၄	
၃	မွန်	၂	
၄	ကယား	၅	
၅	တနင်္သာရီ	၁	
၆	မန္တလေး	၂	
၇	ဧရာဝတီ	၃	
၈	ပဲခူး	၈	
၉	ကချင်	၉	
၁၀	ကရင်	၁	
၁၁	ရန်ကုန်	၃	
၁၂	ရှမ်း	၄	
	စုစုပေါင်း	၅၅	

ဩဂုတ်လ (၂၂)ရက်မှ (၃၁)ရက်နေ့အတွင်း စစ်အာဏာရှင်တပ်သားများက စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ် တို့တွင် လေကြောင်းအသုံးပြု ဗုံးကြဲတိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ ကချင်ပြည်နယ်မှ ကလေးငယ် (၂)ဦး အပါအဝင် ဒေသခံ ပြည်သူ (၃၀)ကျော်ကို စစ်အာဏာရှင်တပ်သားများက လူသားဒိုင်းအဖြစ် ဖမ်းဆီးခဲ့သည်။ စစ်ကိုင်းတိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့မှ ပြည်သူ (၂၀) ဦးကျော် စစ်အာဏာရှင်တပ်သားများက ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခဲ့သည်။ ဩဂုတ်လ (၂၆)ရက်နေ့တွင် စစ်အာဏာရှင်တပ်သားများက စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်မှ အမျိုးသမီး (၁)ဦးကို အဓမ္မပြုကျင့်ကာ သတ်ဖြတ်ခဲ့သည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with Infogram

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၂)ရက်မှ (၃၁)ရက်အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ



စဉ်	လူ့အခွင့်အရေး ချိုးဖောက်ခံရသည့် နည်းလမ်းများ	အကြိမ်အရေ	မှတ်ချက်
၁	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်သတ်ခြင်း	၁၂	
၂	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာရခြင်း	၉	
၃	လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း	၁၈	
၄	ဖမ်းဆီးခေါ်ဆောင်သွားခံရပြီးနောက် သေဆုံးခြင်း	၆	
၅	ဗုံးကြဲတိုက်ခိုက်ခြင်း	၉	
၆	ဖမ်းဆီးခံရခြင်း	၈	
၇	လူသားဒိုင်း ပြုလုပ်ခြင်း/ဓားစာခံအဖြစ် ဖမ်းဆီးခြင်း	၃	
၈	အသက်မပြည့်သေးသော ကလေးများ ထိခိုက်ခြင်း	၂	
၉	ပြည်သူပိုင်ပစ္စည်းများသိမ်းယူခြင်း/ခိုးယူခြင်း	၅	
၁၀	ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများမီးရှို့/ဖျက်ဆီးခြင်း	၆	
၁၁	ပြည်သူပိုင် အဆောက်အဦး/ပစ္စည်းများ လုယက်/ဖျက်ဆီးခြင်း	၉	
၁၂	လေကြောင်းအသုံးပြုခြင်း	၉	
၁၃	မြေမြှုပ်မိုင်း	၁	
၁၄	နေရပ်ဒေသ စွန့်ခွာရခြင်း	၆	
၁၅	အသက်မပြည့်သေးသော ကလေးများ ထိခိုက်ခြင်း	၁	
၁၆	အသက်မပြည့်သေးသော ကလေးများ ဖမ်းဆီးခံရခြင်း	၃	
၁၇	သေဒဏ်ချမှတ်ခြင်း	၁	
၁၈	ငွေကြေးတောင်းခံခြင်း	၁	
၁၉	ဖမ်းဆီး ညှင်းပန်းနှိပ်စက်ခံရခြင်း	၂	
၂၀	အဓမ္မ ပြုကျင့်ခြင်း	၁	

စစ်အာဏာရှင်လက်အောက်ခံ အကျဉ်းဦးစီးဌာနက ရေဝတီတိုင်းဒေသကြီး ပုသိမ်အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသား ၃၃ ဦးကို ပုဒ်မနှစ်ခုနဲ့ ထပ်မံတရားစွဲဆိုခဲ့သည်။ စစ်အာဏာရှင်တပ်သားများ၏ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်မှုကြောင့် တပတ်အတွင်း အသက်မပြည့်သေးသည့်သူ (၁)ဦး သေဆုံးပြီး (၄)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ စစ်အာဏာရှင်တပ်သားများ၏ စစ်ကြောင်းထိုး ဝင်ရောက်ပစ်ခတ်မှုများကြောင့် ဒေသခံ ပြည်သူများ (၆) ကြိမ် ထက်မနည်း နေရပ်ဒေသ စွန့်ခွာခဲ့ကြရသည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with Infogram